

# အခန်း(၁)

## လက်မရှံ့သက်ပြင်း

## ဝေမင်းအိမ်

## အခန်း(၁)

ဤကမ္ဘာလောကတွင် ဖြစ်တောင့် ဖြစ်ခဲသော အ ဖြစ်အပျက်တို့သည်လည်း ဖြစ်တတ်သည့်သဘော ရှိလေရာ ထိုအ ဖြစ်အပျက်များ သည် စွန့်စားတတ်သူတို့တွင် ပို၍ ကြုံတွေ့ရတတ်လေ၏ ။စင်စစ် ကိုယာခင်သည် ပုသိမ်သား တစ်ယောက် မဟုတ်ပေ။တောင်တွင်းသား တစ်ယောက် သာ ဖြစ်လေ၏ ။ မကွေးမှ ကုန်သည်ကြီးဦးဘိုးဘ၏ ပိန်းကောလှေကြီးတွင် လှေထိုးလိုက်ရင်းမှ ပုသိမ်သို့ ရောက်လာကာ ပုသိမ်မြို့ တွင် သောင်တင်၍ ကျန်ရစ်ခဲ့ခြင်း ဖြစ်လေ၏ ။ ဆွေမရှိမျိုး မရှိ ကိုယာခင်အဖို့ အညာပြန်၍ လည်း မည်သို့ မျှအကြောင်းထူးလာမည် မဟုတ်သည့်အတူတူ ရေကြည်ရာမြက်နုရာတွင် သာ ကိုယာခင်နေထိုင်လိုက်ခြင်း ဖြစ်လေ၏ ။ပုသိမ်မြို့ တွင် အခြေချနေထိုင်ရင်းမှ ကြုံသလို လုပ်ကိုင်စားရလေ၏ ။ မြစ်ဆိပ်သို့ ဆင်း၍ ကုန်ထမ်းသည့်အခါ ထမ်းရသည်။ အိမ်ဆောက်သည့်နေရာတွင် တိုင်ကျင်းများ တူးသည့်အခါ တူးရသည်။ တစ်ခါတစ်ရံတွင်တော့ အနီးအနားရွာကလေးများ သို့ ကူးတို့လှေ ခတ်ပို့သည့်အခါ ပို့ရသည်။ ကိုယာခင်အတွက် ဆိုးသည့်အကြောင်းတစ်ခုကရှိနေသည်။ သူ၏ ဇီဇဟုပြောလျှင် ရပေလိမ့်မည် ။ ငယ်စဉ်ကတည်းကကိုယာခင်သည် ဟိုရောက်သည်ရောက် ရောက်ခဲ့ရသည်မှာ လည်း သည်ဇီဇစိတ်ကြောင့် ပင် ဖြစ်၏ ။ထိုဇီဇစိတ်သည် အခြားတော့မဟုတ်ပေ။ သူ့ရှေ့တွင် မတရားအနိုင်ကျင့်နေသည်ကို တွေ့ရလျှင် ကိုယာခင် သူ့စိတ်ကိုသူ မထိန်းနိုင်အောင် ဒေါသ ဖြစ်လေတော့၏ ။ ထိုဒေါသစိတ်ဖြင့် ပင် မဆီမဆိုင်ဝင်၍ ရိုက်နှက်ခြင်းပြုမိသည်မှာ အကြိမ်ကြိမ်ပင် ဖြစ်လေ၏ ။

ဤကိစ္စအတွက်နေရာဒေသတစ်ခုတွင် ကြာကြာနေရသည်ဟုမရှိဘဲ အမြဲပင်

ထွက်ပြေးတိမ်းရှောင်နေရကာ တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့နေခဲ့ရလေတော့၏ ။

အညာဒေသတစ်ခွင်တွင် ကိုယာခင် မြို့ နဲ့အောင် နေခဲ့ဖူးလေပြီ။ ယခုအခါ အောက်ပြည်အောက်ရွာသို့ ရောက်လာကာ အသက်မွေးဝမ်းကျောင်းပြုနေရလေပြီ။ ကိုယာခင်သည် ပုသိမ်မြို့ တွင် အခြေတကျပင် ဖြစ်လာခဲ့လေ၏ ။ သူ့ကို သိသူခင်သူများ ပင် အတော် များ လာခဲ့ပြီ ဖြစ်၏ ။

တစ်နေ့သ၌ ကိုယာခင်၏ ကူးတို့လှေဖြင့် ပါလာသော တံခွန်တိုင်ရွာသူ မမြခင်ကို ပုသိမ်လှေဆိပ်မှ စောင့်နေသော လူတစ်သိုက်ကထိကပါးရိကပါး လုပ်ကြလေ၏ ။ မမြခင်သည် သူ့ကူးတို့လှေနှင့် အကြိမ်ကြိမ် စီးဖူးသူ ဖြစ်သည့်အပြင် မမြခင်နှင့် သူသည် အတော် ကလေးရင်းနှီးခင်မင်၍ လာသည့်အပြင် တစ်ယောက် နှင့် တစ်ယောက် နောက်ပြောင် ကျီစယ်သည့်အဆင့်သို့ပင် ရောက်လာခဲ့လေတော့၏ ။ ကိုယာခင်အခြေအနေကို လှမ်းကြည့်လိုက်သည့်အခါ ဘန်ကောက်လုံချည် နဲ့သာရောင် နှင့် ဘလေဇာကုတ်ဝတ်ထားသူက မမြခင်ကို ရှေ့မှပိတ်ရပ်ကာတစ်ခုခုကို ပြောနေသည်ကို တွေ့လိုက်ရလေ၏ ။ ထိုသူ၏ နောက်မှ ခါးထောက်ကာ ရပ်နေသော လူနှစ် ယောက် ကလည်း ဘေးဘီကို အလျှင်းဂရုမစိုက်သည့်ပုံဖြင့် မခိုးမခန့်ရှိလေ၏ ။ မမြခင်က ဘေးသို့ ရှောင်ကွင်းထွက်သွားတိုင်း ဘလေဇာကုတ်နှင့် လူက ရှေ့သို့လိုက်၍ ကာထားလေ၏ ။

ကိုယာခင် လှေခတ်တိုင်ကို ချွတ်လိုက်သည်။ ပြီးတော့ ကမ်းပါးပေါ်သို့ တက်ခဲ့သည်။ မမြခင်ကိုတော့ သူ မျက်ခြည်မပြတ် ကြည့်နေသည်။ သူ ကမ်းပါးပေါ်သို့ ရောက်သွားသည့်အချိန်မှာ ပင် ဘန်ကောက်လုံချည်နှင့် လူက မမြခင်ကို ဆွဲလားရမ်းလားလုပ်လေတော့၏ ။

သွားပြီ။ အမြဲသတိထား၍ ချိုး နှိမ်ခဲ့ရသော ကိုယာခင်၏ ဗီဇစိတ်သည်လွတ်ထွက်သွားလေပြီ။ ကိုယာခင်သည် သူ့ရင်ထဲတွင် ဝုန်းခနဲ ပွင့်ထွက်လာသော ဒေါသမီးတို့ကို မည် သို့မျှမငြိမ်းနိုင်တော့ပေ။ နားထဲတွင် လည်း ဘာသံမှုမကြားတော့။ မျက်လုံးထဲတွင် လည်း ဘန်ကောက်လုံချည်နှင့် ဘလေဇာကုတ်ဝတ်ထားသည့် လူကလွဲလျှင် အခြားဘာကိုမှုမမြင်တော့။

ကျွဲတစ်ကောင်ပြေးသည့်အလား ကိုယာခင် ပြေးသည်။ခပ်တိုတိုဝတ်ထားသော ပုဆိုးသည်ပင် ပေါင်လယ်လောက်ရောက်အောင်လွှင့်တက်နေသည်။ လက်ထဲတွင် လည်း ခတ်တိုင်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ရောက်ပြီ။ ရိုက်ပြီ။

"ခွပ် ..."

ထပ်ရိုက်သည်။

"ခွမ်း ..."

ဘလေဇာကုတ်နှင့် လူ ဒူးထောက်ကျသွားလေပြီ။ ပြေးဝင်လာကြပြီ။ နှစ် ယောက် ။ ကိုယာခင့်တစ်ကိုယ်လုံး သွေးတွေ တဗွမ်းဗွမ်းထွက်ကုန်ပြီ။ သူ့အတွက် ဒါတွေ က အဆန်းမဟုတ်တော့။ ငယ်ငယ်ကတည်းက ဖြစ်နေကျအဖြစ်တွေ ။ ရိုက်သည်။ ရှေ့မှ ပိတ်ပြီးရိုက်ချသည်။

"ခွမ်း ...ခွမ်း"

နှစ် ယောက် စလုံး နောက်သို့ လန်ကျသွားလေပြီ။ ဘေးမှလူတွေ အုံလာကြသည်။ ထိုလူတွေ နှင့် အတူ ပုလိပ်သားတွေ လည်း ပါလာသည်။ကိုယာခင် ရိုက်လိုက်သော လူရမ်းကားသုံးယောက် ကတော့ သွေးအိုင်ထဲတွင် မလှုပ်ကြတော့။

"မမြခင် သွားတော့လေ ဘာလုပ်နေတာလဲ"

ဟု ကိုယာခင် လှမ်းအော်လိုက်သည်။ သည့်တော့မှ ကြက်သေသေ၍ ကြည့်နေသော မမြခင်သည် သတိပြန်ဝင်လာသည်။

"ကိုရင်ယာခင်၊ ရှင်လည်းပြေးလေ။ ဟိုမှာ ပုလိပ်သားတွေ လာနေပြီ"

"ကျုပ် မပြေးဘူး မမြခင်။ ကျုပ်လုပ်တာ ကျုပ် ခံရဲတယ်။သွား ...မမြခင် သွားတော့"

ဟု သူ ခပ်ဆတ်ဆတ်အော်လိုက်တော့မှ မခြင်လည်း ဝိုင်းအုံလာသော လူအုပ်ကြားထဲသို့ တိုးဝင်၍ ပျောက်ကွယ်သွားလေတော့၏ ။ ပုလိပ်သားတွေ က သူ့ကို သေနတ်ရှည်ကြီးများ နှင့် ချိန်ထားကြသည်။

''ဟာ ...သေပြီထင်တယ်။ မလှုပ်တော့ဘူးကွ။ တော် တော် လက်သံပြောင်တဲ့လူပဲ''

''ဟာ ...ယာခင်ကြီးပါလား။ ဒါ ကူးတို့လှေခတ်တဲ့လူလေ''

''ဘယ်လိုကဘယ်လို စပြီး ဖြစ်ကြတာပါလိမ့်''

ဟူသော တစ်ယောက် တစ်ပေါက် ပြောနေသည့် လူအုပ်ကြီးထဲမှ အသံသည် ပို၍ ဆူညံလာလေတော့၏ ။ လူတွေ လည်း များ လာခဲ့သည်။ သူ့လက်ထဲတွင် တင်းနေအောင်ဆုပ်ထားသော ခတ်တိုင်ချောင်းကို ပုလိပ်နှစ် ယောက် ကား မနည်းဖြေယူရသည်။ ပြီးတော့ သူ့ကို လက်ထိတ်ခတ်လိုက်ကြသည်။ သည့်နောက်တွင် တော့ ပုဆိုးဒူးခေါင်းလောက်ဝတ်ထားသော ကိုယာခင် တစ်ယောက် လက်ထိတ်တန်းလန်းနှင့် ဂါတ်ထဲသို့ ပါသွားသည်။ ဘေးမှလိုက်ကြည့်သော လူအုပ်ကြီးကလည်း အုံ၍ ပါသွားလေ၏ ။ ခဏကြာတော့ သွေးအိုင်ထဲတွင် လဲနေသူသုံးယောက် ကိုဆေးရုံမှ လာ၍ သယ်သွားကြသည်။

သူ့ရှေ့တွင် မတရားသဖြင့် အနိုင်ကျင့်လျှင် ဒေါသစိတ်ပေါက်ကွဲကာ အမြဲတမ်း ဝင်၍ ရိုက်တတ်သော ကိုယာခင် တစ်ယောက် လည်းတစ်ခါတော့ဖြင့် ရှောင်၍ တိမ်း၍ မရနိုင်တော့ပေ။ တရားဥပဒေကို ရင်ဆိုင်ရလေတော့၏ ။

သူ ကံဆိုးသည်ဟု ဆိုရပေမည် ။ သူ ရိုက်ခဲ့သော လူသုံးယောက် အနက် ဘလေဇာကုတ်ဝတ်ထားသည့်သူသည် ဆေးရုံရောက်သော ညမှာ ပင် သေဆုံးသွားခဲ့သည်ဟု သူ သိခဲ့ရလေ၏ ။ ထိုသူမှာ ပုသိမ်မြို့ မှ ကြေးရတတ်မိဘများ ၏ သား တစ်ယောက် ဖြစ်လေရာ တရားရုံးတွင် ငွေဖြင့် ပေါက်၍ တရားစွဲဆိုခဲ့လေ၏ ။ နောက်ဆုံးတော့ ရာဘက်တရားသူကြီးက ကိုယာခင်ကို လူသေမှု ဖြင့် တရားစီရင်ခဲ့လေ၏ ။ တစ်သက်တစ်ကျွန်းကျခံစေဟူသော တရားသူကြီး အမိန့်စီရင်ချက် ဆုံးသည်နှင့် သူ့ကို

ပုလိပ်များ က ဆွဲခေါ်သွားကာ ပုသိမ်ထောင်သို့ ပို့ကြလေ၏ ။ ပုသိမ်ထောင်ထဲတွင် နှစ်လနေပြီးသော အခါ အက်ဒမန်ကျွန်းကြီးသို့ ပို့လိုက်လေ၏ ။ သူနှင့် အတူ ကျွန်းကျသည့်သူများ ကို သယ်ဆောင်လာသော သင်္ဘောကြီး ကျွန်းသို့ ဆိုက်ကပ်သည်နှင့် တစ်ပြိုင်နက် ပို့ဘလဲယားဆိပ်ကမ်းမှ တက်ခဲ့ကြရလေ၏ ။ ပြီးလျှင် စီလူလာအကျဉ်းထောင်ကြီးထဲတွင် လပေါင်းများ စွာ အနှိပ်စက်ခံကြရလေ၏ ။ ပြီးမှကျွန်းကြီးပေါ်တွင် အလုပ်ကြမ်းလုပ်ရပြန်၏ ။ ထိုသို့ အလုပ်ကြမ်းလုပ်ရသည့် ကာလတွင် ထောင်ထဲတွင် မနေရတော့ဘဲ အိပ်ဆောင်များ ဖြင့် အပြင်တွင် လွတ်လွတ်လပ်လပ် နေရလေ၏ ။

ကျွန်းပေါ်ရောက်၍ ဆယ်နှစ် ကြာသော အခါတွင် ကိုယာခင်တို့သည် အလုပ်ကြမ်းမှ လွတ်သွားကာ ကျွန်းပေါ်တွင် လွတ်လွတ်လပ်လပ် သွားလာနေခွင့်ရခဲ့ကြလေ၏ ။ ထိုအချိန်တွင် ကိုယာခင်သည် အက်ဒမန်ကျွန်းပေါ်ရှိဈေးတွင် ဈေးရောင် းသော ရခိုင်မကြီး၏ သမီး မပုရှည်နှင့် အကြောင်းပါခဲ့လေ၏ ။ ကိုယာခင်နှင့် မပုရှည်တို့တွင် သားကလေး တစ်ယောက် ရခဲ့ပြီးနောက် သားကလေး ငါးနှစ် သားအရောက်တွင် မပုရှည်တိမ်းပါးခဲ့လေ၏ ။

ကိုယာခင်သည် မပုရှည် မရှိတော့သည့်အချိန်မှစ၍ ကျွန်းကြီးပေါ်တွင် မည် သို့မျှ နေ၍ မပျော်ပိုက်တော့ပေ။ ထိုအချိန်မှစ၍ ကိုယာခင်သည် ကျွန်းကြီးမှထွက်ပြေးရန် ကြံစည်ခဲ့လေ၏ ။ သို့သော် မိမိကို အားကိုးနေရသည့် သားကလေးမောင်ရာစင်ကို ကျွန်းကြီးပေါ်တွင် မထားခဲ့ရက်သဖြင့် အစီအစဉ်ကို ဖျက်ခဲ့ရလေတော့၏ ။ ဤသို့ ဖြင့် ကျွန်းကြီးပေါ်တွင် ဆက်၍ နေခဲ့ရပြန်လေ၏ ။ သားကလေးမောင်ရာစင်ဆယ်နှစ် သားတို့ ရောက်သော အခါတွင် တော့ ကိုယာခင်သည် သားမောင်ရာစင်၏ ရှေ့ရေး ကို တွေ းတောမိလာလေ၏ ။

''မ ဖြစ်ပါဘူး။ ဒီမှာ ငါ့သားလေးကို ထားခဲ့လို့တော့ ဘယ်နည်းနဲ့မျှမ ဖြစ်ဘူး။ အင်း ...ခေါ်သွားဖို့ကျတော့လည်း ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ။ ကျွန်းက ပြေးတယ်ဆိုတာ ရှင်ဖို့နဲ့သေဖို့ သေဖို့ကများ တဲ့ကိစ္စပဲ''

ကိုယာခင်သည် အချိန်ရတိုင်း သည်ကိစ္စကိုသာ တွေးနေခဲ့လေ၏ ။ နောက်ဆုံးတွင် တော့ ကိုယာခင်သည် လှေတစ်စင်းကို တိတ်တဆိတ် ဝယ်ယူကာ ရိက္ခာအပြည့်အစုံ စုဆောင်းလိုက်လေ၏ ။ ရေချိုအိုးများ လည်း အပြည့်တင်ကာ ရှက်ကောင်းကောင်းဝယ်လိုက်ပြန်၏ ။အားလုံးပြည့်စုံသော အခါ သူ့သား မောင်ရာစင်ကိုခေါ်၍ ...

"သားမောင်ရာစင်၊ သားကို အဖေ ကိစ္စတစ်ခု ပြောပြချင်တယ်"

"ပြောပါ အဖေ၊ ဘာများ ပြောမလို့လဲ"

"ဒီလိုကွ သားရဲ့ ၊ အခု အဖေတို့သားတို့ နေကြရတဲ့ ကျွန်းကြီးဟာ ပင်လယ်ကြီးထဲက လူသူမနီးတဲ့ နေရာမှာ ရှိတာကွ လူကလေးရ။ အဖေတို့နေတဲ့ တိုင်းပြည်ကြီးက အကြီးကြီးကွ။ မြို့ တွေ ရွာတွေ မှမရေမတွက်နိုင်အောင်ကို ရှိတာကွ။ ရထားကြီးတွေ ၊ ကားတွေ စီးပြီးတစ်နေရာနဲ့တစ်နေရာ သွားကြရတာ ၊ လူတွေ လည်း အများကြီးကွ။အို ...တိုက်ကြီးတွေ မှ ဟည်းနေတာပါကွာ။ အဖေ အခု လှေတစ်စင်းကို ဝယ်ထားတယ်။ ဟောဒီကျွန်းကြီးကနေ အဖေ ထွက်ပြေးမလို့ကွ။စွန့်တော့စွန့်စားရမှာ ပေါ့ကွာ။ အဲဒါ ငါ့သား အဖေနဲ့ လိုက်ရဲသလားလို့မေးချင်လို့ပါကွာ"

"ဟာ ...အဖေကလည်း၊ အဖေတောင် သွားရဲမှတော့ ကျုပ်က ဘာ ဖြစ်လို့ မလိုက်ရဲရမှာ လဲဗျ"

"ဟေ ...ဟုတ်ရဲ့ လား မောင်ရာစင်ရဲ့ "

"ဟုတ်ရုံဘယ်ကမလဲ အဖေရ။ ဟိုဘက်တောင် လွန်နေသေးတယ်"

"ဟာ ...ဒါဆိုရင် ဟန်ကျပြီဟေ့။ အဖေ့သားက အာဂသတ္တိခဲပဲကွ။ အဖေ ထင်ထားတာထက်တောင် သတ္တိရှိနေတာပဲ။ ကဲ ...ဒါဆိုရင် အချိန်ဆွဲမနေနဲ့။ တို့သားအဖ ဒီညပဲ ဒီကျွန်းက ပြေးကြမယ်"

"ကောင်းတာပေါ့ အဖေရ။ မြန်မြန်သာ စီစဉ်ဗျာ"

''ဟာ ...ငါ့သားရ၊ အဖေ အားလုံးစီစဉ်ထားပြီးသားကွ။ဒီညပြေးရုံပဲ''

ထို့နောက်တော့ သားအဖနှစ် ယောက် တိုးတိုး တိုးတိုးနှင့် အစီအစဉ်ဆွဲကြလေတော့၏ ။

*

လွန်ခဲ့သော နှစ် ပေါင်းသုံးဆယ်က အသက်ဆယ်နှစ် သာရှိသေးသည့် မောင်ရာစင်သည် ဖခင်ကြီးဦးယာခင်နှင့် အတူ ပင်လယ်ကြီးကို ဖြတ်ကျော်၍ လှေငယ်ကလေးတစ်စင်းဖြင့် ကျွန်းမှ ထွက်ပြေးခဲ့လေ၏ ။

ဖခင်ကြီးက သူ့ကို လှေပေါ်တွင် တင်၍ အသံမမြည် အောင်လှေကို တွန်းချခဲ့လေ၏ ။ ညအမှော င်ထဲတွင် ပင်လယ်ပြင်ကြီးသည်ကြောက်စရာကောင်းလှလေ၏ ။ သို့သော် မောင်ရာစင်ကလေး ကတော့ဖခင်နှင့် အတူ စွန့်စားခန်းဝင်ရန် အဆင်သင့် ဖြစ်နေလေတော့၏ ။ သားအဖနှစ် ယောက် လှော်တက် တစ်ယောက် တစ်ချောင်းဖြင့် ချွေးသီးချွေးပေါက်ကျအောင် မနားတမ်းလှော်ခဲ့ကြလေ၏ ။

နောက်သို့ လှည့်ကြည့်လိုက်လျှင် ကျွန်းကြီးကို ခပ်မှုန်မှုန် သာမြင်ရတော့သည်အထိ လှော်ခတ်ခဲ့ကြပြီးသော အခါ ဦးယာခင်သည်လေတိုက်ခတ်မှု အခြေအနေ၊ ရေစီးကြောင်းအခြေအနေကို အကဲခတ်ကြည့်လေ၏ ။

''တော် ပြီ ငါ့သား၊ မလှော်နဲ့တော့။ အဖေ ရွက်တင်တော့မယ်''

ဟုပြောကာ အသင့်တပ်ထားသော ရွက်ကို ဆွဲ၍ တင်လေ၏ ။

လေက ခပ်ပြင်းပြင်းတိုက်နေသည် ဖြစ်ရာ ရွက်ထည်စကြီးသည် ချက်ချင်း ဖောင်းကားသွားကာ လှေကလေးလည်း ရှေ့သို့ မြင်းတစ်ကောင်ဆွဲ၍ ပြေးသည့်နှယ် တရိပ်ရိပ်ပြေးလေတော့၏ ။

''ဟား ...ဟား ...ဟား ...ဟုတ်ပြီကွ''

ဟု မောင်ရာစင်က အော်ရယ်လိုက်ကာ လက်ခုပ်ပင် တဖြောင်းဖြောင်း တီးလိုက်လေ၏ ။ ရွက်ကြိုး ကို သေသေချာချာချည်၍ ပဲ့ကိုင်ပေးနေသော ဦးယာခင်က သူ့သားမောင်ရာစင်ကို သဘောကျသွားသဖြင့် ...

"ဘယ်လိုလဲ လူကလေး၊ မင်း ကြောက်နေသလား"

ဟု မေးလေးရာ မောင်ရာစင်က ...

"ဘယ်က ကြောက်ရမှာ လဲ အဖေရာ။ ကြောက်ဖို့နေနေသာသာ ပျော်တောင်ပျော်နေသေးတယ်"

"အင်း ...မောင်ရာစင်ရေ၊ မင်း ကတော့ တစ်နေ့မှာ ထူးထူးခြားခြား ဖြစ်မယ့်လူပဲကွ။ အသက်ဆယ်နှစ် သားမှာ တင် လှေကလေးတစ်စင်းနဲ့ ပင်လယ်ဖြတ်ခဲ့တဲ့သူပဲကွယ့်။ မင်းကို ဘယ်သူယှဉ်နိုင်မှာ လဲလူကလေးရာ"

ဟု ဦးယာခင်က လှေပဲ့ကို သေသေချာချာထိန်းရင်း ပြောလိုက်လေ၏ ။ မောင်ရာစင်ကလေး ကတော့ စောစောက လှေကို မနားတမ်းလှော်လိုက်ရသဖြင့် မောသွားကာ လှေဝမ်းထဲတွင် လှဲချ၍ နားနေလိုက်လေ၏ ။

"အိပ်ချင်ရင် အိပ်လိုက်ပေတော့ လူကလေး။ အဖေ မသေသေးသ၍ ငါ့သား ဘယ်တော့မှ မသေစေရဘူး"

ဟု ဦးယာခင်က ပြောလိုက်သော အခါ မောင်ရာစင်ကလေးသည် ငြိမ်၍ အိပ်သွားလေတော့၏ ။ ဦးယာခင် ကတော့ ရွက်ကြိုး ကို တင်းလိုက်လျှော့လိုက် လုပ်ပေးလိုက်၊ လှေပဲ့ကို ပြန်ကိုင်လိုက်ဖြင့် တစ်ယောက် တည်း အလုပ်ရှုပ်နေလေတော့၏ ။

"အင်း ...သည်လေမျိုး သာ ဆက်တိုက်နေရင်တော့ သုံးလေးရက်ထက် ပိုကြာမယ်မထင်ဘူး။ ငါတို့သားအဖမှာ ပါလာတဲ့သောက်ရေနဲ့ ရိက္ခာ ကတော့ လုံလောက်ပါတယ်လေ။ တိုင်းတိုင်းထွာထွာ စားသောက်နေရင် ဆယ်ငါးရက်၊ အရက်နှစ် ဆယ်တော့ နေလို့ရနိုင်တယ်။ ဒီလောက်တော့လည်း ကြာမှာ မဟုတ်ပါဘူး။

ငါတို့အိပ်ဆောင်ကို စောင့်တဲ့ ဗာယာမှုကြီး ကတော့ ကျွန်းကပြေးခဲ့ဖူးတာပဲ။ လွတ်သွားပြီးမှ သူ့ရွာကို သူ ပြန်သွားလို့ ပြန်ပြီးအဖမ်းခံခဲ့ရတာ ။ မှုကြီးပြောတဲ့လမ်းကြောင်းအတိုင်း ငါလိုက်ခဲ့တာပဲ။ ဖြောင့်ပါလိမ့်မယ်''

ဦးယာခင်သည် ရှက်ကြိုး ကိုဆွဲ၍ လေကြောင်းတည့်အောင်အနေအထား ပြင်ပေးလိုက်ပြန်သည်။ လေကြောင်းနှင့် တည့်တည့်မိနေသဖြင့် လှေကလေးသည် ပင်လယ်ပြာကြီးပေါ်တွင် တရိပ်ရိပ်ပြေးနေလေတော့၏ ။ လှေပဲ့ကို ထိန်းရင်းနှင့် အနီးရှိ အိတ်ကြီးထဲမှ သူယူလာသော အုန်းသီးဆံတစ်ခုကို ယူ၍ ဝါးနေလိုက်သည်။ အိပ်ငိုက်သွားမည် ကို ဦးယာခင် စိုးရိမ်သည်။ သူ တစ်ယောက် တည်းဆိုလို့ ကတော့အရေး မကြီး။ သည်ပင်လယ်ကြီးထဲတွင် အိပ်ပြီးတော့ပင် လိုက်သွားရဲသည်။ ယခုတော့ သားကလေးပါ ပါလာသည်။ ဘာမျှသိသည်မဟုတ်။လူမမည် အရွယ်ကလေးသာ ရှိသေးသည်။ သူ့ကိုချစ်သဖြင့် သာ စွန့်စားပြီး လိုက်လာခဲ့ခြင်း ဖြစ်ပေလိမ့်မည် ။ သူ အိပ်နေလို့မ ဖြစ်။ ဦးယာခင်သည် ပင်လယ်ရေ နည်းနည်း ယူ၍ မျက်စိထဲသို့ ထည့်လိုက်သည်။

ဆားငန်ရေကြောင့် စပ်ကျိန်းကျိန်းကြီး ဖြစ်သွားသည်။ ဘာပဲ ဖြစ် ဖြစ်အိပ်ချင်စိတ် ကတော့ ပြေသွားလေပြီ။

တစ်ညလုံးပြေးနေသော လှေကလေးသည် မနက်လင်းသော အခါ ခရီးအတော် ရောက်ခဲ့လေပြီ။ ခပ်လှမ်းလှမ်းတွင် ကျွန်းတန်းကလေးတစ်ခုကို ပျပျကလေး မြင်နေရသည်။ သို့သော် သည်ကျွန်းဘက်သို့ သွား၍ မ ဖြစ်ကြောင်း သူ သိသည်။ အင်္ဂလိပ်စစ်တပ်တွေ တပ်ချထားသော ကျွန်းတစ်ကျွန်း ဖြစ်နိုင်သည်။ လှေဦးကို ရေကြောအတိုင်း ဖြောင့်ဖြောင့်သွားရန် တည့်ပေးလိုက် သည်။ ထိုအချိန်မှာ ပင်မောင်ရာစင်ကလေး နိုးလာလေ၏ ။

''သားမောင်ရာစင် နိုးပြီလားကွ။ ဟောဒီအိတ်ကြီးထဲမှာ ထမင်းခြောက်တွေ ၊ အုန်းသီးဆံတွေ ၊ ငှက်ပျောသီးခြောက်တွေ ပါတယ်ကွ။ လာယူစားချေ''

"ဟုတ်ကဲ့ အဖေ"

ဟုပြောရင်း မောင်ရာစင်က ပင်လယ်ရေနှင့် မျက်နှာသစ်လေ၏ ။ ပြီးလျှင် ရေချို အိုးထဲမှ ရေချိုကလေးနည်းနည်း သောက်လိုက်လေ၏ ။ ငှက်ပျောသီးခြောက်သုံးလုံးနှင့် အုန်းသီးဆံကလေး နည်းနည်း ကို ဝါးလိုက်ပြီးသော အခါ ...

"ကဲ ...အဖေနားဦး။ ကျုပ် ပဲ့ကိုင်ပေးမယ်"

"ဟာ ... ဖြစ်ပါ့မလား သားရဲ့ ။ မတော် လို့ မင်းပြုတ်ကျသွားရင် ဒုက္ခကွယ့်။ ရပါတယ်၊ အဖေပဲ ကိုင်ပါ့မယ်။ လှိုင်းက ငြိမ်တာမဟုတ်ဘူး"

" ဖြစ်ပါတယ် အဖေ။ ကျုပ်ညက မှော င်ထဲမှာ အဖေပဲ့ကိုင်နေတာ၊ ရွက်ကြိုး ဆွဲတာတွေ ကို သေသေချာချာ ကြည့်ထားပါတယ်"

"ဟေ ...မင်း အိပ်နေတာ မဟုတ်ဘူးလား"

" ချက်ချင်း အိပ်မပျော်ဘူး အဖေရ။ အဲဒါနဲ့ ကျုပ် ငြိမ်ပြီးကြည့်နေတာ။ ပဲ့ကိုင်ပုံကို တော် တော် ကလေး သဘောပေါက် သွားပါပြီ။ ကဲလာ အဖေနားဦး"

ဦးယာခင်လည်း ဘာမျှ ထပ်မပြောကြတော့ဘဲ မောင်ရာစင်ကလေးကို နေရာဖယ်ပေးလိုက်သည်။ မောင်ရာစင်က လှော်တက်ပြားကြီးကိုယူ၍ လှေပဲ့တွင် အကျအနထိုင်လိုက်ကာ သူ့ အဖေပြုလုပ်သည့်အတိုင်း လှေကလေးကို ပဲ့ကိုင်လေတော့၏ ။

လေလမ်းကြောင်း အနည်းငယ် တိမ်းသွားသဖြင့် လှေရွက်တစ်ဖက်လိုက်သွားလျှင် ရွက်ကြိုး ကိုဆွဲ၍ တည့်ပေးလိုက်သည်။ ဦးယာခင်က ငှက်ပျောသီးခြောက်ကို ဝါးစားရင်း သူ့ သား ပဲ့ထိန်းနေပုံကြည့်၍ အံ့သြနေလေ၏ ။

"မင်းဟာ မြင်ရုံတွေ ့ရုံနဲ့ တတ်မြောက်တဲ့ ကလေးပဲ။ အင်းလေ ငါ့သား ကတော့ ထူးထူးချွန်ချွန် ဖြစ်မယ့်လူပါကွာ"

ဟုပြောရင်း အုန်းသီးဆံများ နှင့် ထမင်းခြောက်နည်းနည်း ကိုဝါးကာ ရေသောက်ချလိုက်သည်။ ဗိုက်ထဲသို့ အစာဝင်သွားသည်နှင့် တစ်ညလုံးမအိပ်ရသော

မျက်စိက မေးကျလာသည်။

"အဖေ ခဏအိပ်လိုက်။ ကျုပ်ကို မစိုးရိမ်နဲ့"

ဟု မောင်ရာစင်က ပြောလေ၏ ။ ဦးယာခင်လည်း မျက်စိပင်မဖွင့်နိုင်တော့အောင် ရှိလေရာ လှေဝမ်းထဲတွင် လှဲချလိုက်ရလေတော့၏ ။

တအိအိနှင့် ရွေ့လျားနေသော လှိုင်းလုံးကြီးများ ပေါ်သို့ လှေဦးထိုးတင်ကာ လှိုင်းလုံးကြီးများ ကို တစ်လုံးပြီးတစ်လုံး ကျော်ဖြတ်လိုက်လေ၏ ။ မောင်ရာစင်သည် လှေအလူးတွင် ပင်လယ်ထဲသို့ ပြုတ်ကျသွားမည် ကို စိုးရိမ်သဖြင့် ကြိုး တစ်ချောင်းကိုယူကာ သူ့ကိုယ်ကို လှေတံကူတိုင်နှင့် တွဲ ၍ ချည်ထားလိုက်လေ၏ ။

တဖြည်းဖြည်းနှင့် နေပူ၍ လာလေရာ သူ့အဖေ၏ ပုဆိုးဟောင်းကလေးတစ်ထည်ကို ယူ၍ ခေါင်းပေါင်းထားလိုက်လေ၏ ။ တစ်ညလုံးမအိပ်ခဲ့ရသည့် ဦးယာခင် ကတော့ တခူးခူးဟောက်၍ အိပ်ပျော်နေလေတော့၏ ။

မောင်ရာစင် လှေဦးကို လမ်းကြောင်းပြောင်းမသွားစေရန်သတိထား၍ ထိန်းပေးနေရလေ၏ ။ နေကလည်း တဖြည်းဖြည်းပူသည်ထက် ပူလာလေ၏ ။ မောင်ရာစင်လည်း ပဲ့ကိုင်ရသဖြင့် လက်အနပ်ပင်သေချင်သလို ဖြစ်လာလေ၏ ။ ထိုသို့ ပင်ပန်းလာသည့်အခါတိုင်း ဖခင်ကြီး ပြောပြထားသော မြို့ ကြီးများ အကြောင်း၊ တိုက်ကြီးအိမ်ကြီးများ နှင့် နေကြသော လူအများ အကြောင်း၊ မီးရထားများ , မော်တော် ကားများ အကြောင်းကိုသာ တွေး၍ ...

'ဒီပင်လယ်ကြီးကို ရအောင်ဖြတ်မယ်'ဟု အံကြိတ်၍ တွေးလေ၏ ။ သူတို့သားအဖ ကံကောင်းသည်ဟုပင် ဆိုရပေမည် ။ သူတို့ပင်လယ်ထဲသို့ ရောက်သော အချိန်တွင် လေကြောင်းကောင်းကောင်းကိုမိသွားသည့်အပြင် လှိုင်းကလည်း သိပ်မထန်သဖြင့် ခရီးပေါက်နေခြင်း ဖြစ်လေသည်။

နေမွန်းတိမ်းသွားချိန်တွင် ဦးယာခင် နိုးလာလေ၏ ။ နိုးလာသည်နှင့် ဦးယာခင်သည် ငေါက်ခနဲ ထ၍ ထိုင်လိုက်ကာ ...

''သားမောင်ရာစင်၊ မင်း ပင်ပန်းနေရောပေါ့။ အဖေကလည်းကွာ အိပ်သွားလိုက်တာ။ ပေး ...ပေး ...အဖေကိုင်လိုက်မယ်''

ဟု ပျာပျာသလဲ ပြောလေရာ မောင်ရာစင်က ...

'' ဖြစ်တယ် အဖေ၊ ဖြစ်တယ်။ အဖေ အစာကလေးဘာလေးစားလိုက်ဦး။ ဖြည်းဖြည်းလုပ်၊ ဖြစ်တယ် အဖေ''

ဟု ပြောလိုက်လေ၏ ။ ထိုအခါ ဦးယာခင်သည် ထမင်းခြောက်နည်းနည်း ဝါး၍ ငှက်ပျောသီးခြောက်နှစ် လုံး စားလိုက်လေ၏ ။ ပြီးမှရေနည်းနည်း သောက်ချလိုက်ကာ မောင်ရာစင်၏ လက်ထဲမှ လှော်တက်ကြီးကို ယူ၍ နေရာပြောင်းလိုက်လေ၏ ။

''ဟင် ...ငါ့သားက ကြိုး နဲ့တောင် ချည်ထားတာကိုး''

''ဟုတ်တယ် အဖေ၊ ကျုပ်ကိုယ်ကပေါ့တော့ လှိုင်းအပုတ်မှာ ပြုတ်ကျမသွားအောင် ကြိုး နဲ့ချည်ထားတာဗျ''

''ဟား ...ဟား ...ဟား ...ငါ့သား ကတော့ကွာ တကယ့်ကိုဉာဏ်သွားတဲ့ ကောင်ပဲ။ ကောင်းတာပေါ့ သားရဲ့ ။ လူဆိုတာ အဲဒီ လိုသတိရှိတာ အကောင်းဆုံးပေါ့ကွာ။ ကဲ ...ငါ့သား နားလိုက်။ စားစရာလေး စားပြီးတော့ ခဏမှေးလိုက်''

''ရပါတယ် အဖေရ ကျုပ် မအိပ်ချင်ပါဘူး''

''အေးကွာ၊ ငါ့သားကို အဖေက ဒီလောက်အားကိုးရမယ်လို့ကို မထင်တာကွ။ ဒီလိုမှန်းသာသိရင် အဖေ အစောကြီးကတည်းကကျွန်းက ပြေးတာပေါ့ကွာ''

ဟု ဦးယာခင်က နောင်တရသည့်လေသံဖြင့် ပြောလေ၏ ။

မောင်ရာစင် ကတော့ ဘာမျှပြန်မပြောဘဲ အုန်းသီးဆံတစ်ခုကို ဝါးနေလေ၏ ။ ပြီးမှ ထမင်းခြောက်နည်းနည်း ဝါးစားလေ၏ ။ ထို့နောက်တွင် တော့ တစ်ခါမျှ မမြင်ဖူးသေးသော မီးရထားကြီးများ ၊ မော်တော် ကားကြီးများ အကြောင်းကို တွေ းနေပြန်၏ ။ သည်လိုနှင့် နေလုံးကြီးက ပင်လယ်ထဲသို့ မြုပ်သွားကာ အမှော င်သမ်းလာလေ၏ ။ အမှော

င်သမ်းလာချိန်တွင် လေက ပိုကြမ်းလာသဖြင့် ဦးယာခင်သည် အတော် ကလေးသတိထား၍ ပဲ့ကိုင်နေရလေ၏ ။ မောင်ရာစင်ကလည်း လှဲ၍ မအိပ်ရဘဲလှေနံရံကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရလေ၏ ။ လှိုင်းကြမ်းကြီးများ က လှေကလေးကို အပေါ်သို့ မြှောက်၍ ပစ်လိုက်သကဲ့သို့ မြောက်တက်သွားကာ ဖြန်းခနဲ မြည် ၍ ပြန်ကျလေ၏ ။

''သားမောင်ရာစင် မကြောက်နဲ့နော်။ လှေကိုသာ မြဲမြဲကိုင်ထား။ လက်လွှတ်မသွားစေနဲ့''

''ဟုတ်ကဲ့ အဖေ၊ ကိုင်ထားတယ်။ အဖေသာ သတိထား''

ဟု လေတိုက်သံကို ကျော်အောင် အော်ပြောရလေ၏ ။ ပြီးလျှင်သားအဖနှစ် ယောက် သည် သတိတစ်ချက်မျှ လစ်မသွားအောင် ဂရုစိုက်နေကြရလေတော့၏ ။

ညသန်းခေါင်းကျော်လောက် အရောက်တွင် မှ လှိုင်းရော လေရော ငြိမ်သွားခဲ့လေ၏ ။ သည်တော့မှ ...

''မောင်ရာစင် သား၊ လေငြိမ် သွားပါပြီကွ။ ကဲ ...အိပ်ပေတော့။ စိတ်ချလက်ချ အိပ်လိုက်''

ဟု ဦးယာခင်က ပြောသော အခါတွင် မှ မောင်ရာစင်ကလေးသည် လှေဝမ်းထဲတွင် လှဲ၍ အိပ်လိုက်လေ၏ ။ ဤသို့ ဖြင့် သားအဖနှစ် ယောက် သည် ပင်လယ်ပြင်ကြီးကို ခြောက်ရက်တိတိ ဖြတ်ကျော်လာခဲ့ကြလေ၏ ။ လှိုင်းကြမ်းကြီးများ မိလိုက်၊ လေကြမ်းကြီးများ မိလိုက်၊လေပြည်နှင့် ကြုံလိုက်ဖြင့် သဘာဝ ဒဏ်ကို ကြံ့ကြံ့ခံခဲ့ကြရလေ၏ ။ဦးယာခင်ကဲ့သို့ ဘဝကြမ်းသည့် ကျွန်းကျကြီး တစ်ယောက် အဖို့ မဆန်းပြားသော်လည်း အသက်ဆယ်နှစ် သာရှိသေးသည့် မောင်ရာစင်ကလေးအနေနှင့် တော့ အရွယ်နှင့် မလိုက်အောင်ပင် တောင့်ခံခဲ့ရရှာလေ၏ ။ခုနစ်ရက်မြောက်သော နေ့တွင် တော့ အိပ်ပျော်နေသော မောင်ရာစင်ကလေးကို ...

''မောင်ရာစင်၊ သား ထ ...ထ။ ဟိုမှာ စင်ရော်တွေ ကွ''

ဟု ဦးယာခင်က အော်၍ နိုးလေ၏ ။ မောင်ရာစင်လည်း အိပ်နေရာမှ ပျာပျာသလဲ ထလိုက်ကာ မော့ကြည့်လေ၏ ။

''ဟာ ...ဟုတ်ပါရဲ့ ။ စင်ရော်တွေ အများ ကြီးပါလား အဖေ။ဒါ ဘာသဘောလဲဗျ''

''ကမ်းနဲ့နီးနေတဲ့ သဘောပေါ့ကွ။ စင်ရော်တွေ ဒီလောက်များ နေတာဟာ လူတွေ နဲ့ နီးနေတဲ့သဘောပေါ့ သားရဲ့ ''

''ဟာ...ဟုတ်လား အဖေ။ ဒါဆို ကျုပ် မီးရထားကြီး စီးရတော့မှာ ပေါ့နော်''

''ဒါပေါ့ သားရဲ့ ။ ငါ့သား မီးရထားကြီးစီးရတော့မှာ ပေါ့''

''ဟာ ...ပျော်လိုက်တာအဖေရာ''

ဟု မောင်ရာစင်က ပြောလိုက်ပြီးမှ တစ်ခုခုကို သတိရသွားကာ ...

''အဖေ၊ အဖေ့ကို ကျွန်းပြေးဆိုပြီး ပုလိပ်တွေ က ဖမ်းလားဆီးလားလုပ်နေရင် ဘယ်လိုလုပ်မလဲဗျ''

''ဟာ ...ဒီအတွက်မပူပါနဲ့ကွာ။ လူတွေ အများ ကြီးရှိတဲ့မြို့ ကြီးထဲမှာ ရောနေလိုက်ရင် ဘယ်သိနိုင်တော့မလဲ သားရဲ့ ''

''ဟင် ...ဟုတ်လား။ အဲဒါ ဘယ်မြို့ လဲဗျ''

''ရန်ကုန်မြို့ ကြီးပေါ့ သားရဲ့ ။ ရန်ကုန်မြို့ ဆိုတာ ကျယ်လည်းအကျယ်ကြီး၊ လူတွေ လည်း အများ ကြီးနေတာကွ''

''ဟာ ...ဟန်ကျတာပေါ့ဗျာ။ ဒါဆိုရင် ကုန်းပေါ်ရောက်တာနဲ့အဲဒီ ရန်ကုန်မြို့ ကို တန်းသွားကြမယ်ဗျာ''

''သွားတာပေါ့သားရယ်။ အခြေအနေကြည့်ပြီးတော့ အဖေစီစဉ်ပါမယ်''

ဟု ဦးယာခင်က ပြောလိုက်လေ၏ ။ ပြီးလျှင် ရွက်ကြိုး ကိုထိန်း၍ ကမ်းရှိနိုင်မည့် ဘက်ကို မှန်းဆရလေ၏ ။ စင်ရော်ငှက်များ ၏ သွားလာပုံကို ထောက်ချင့်ကာ ဦးယာခင်

လှေဦးကို ပြောင်းလိုက်လေ၏ ။

ဤသို့ ဖြင့် သူတို့သားအဖ၏ လှေကလေးသည် ထိုနေ့ညနေ မှောင်ရီသမ်းစအချိန်တွင် လက်ခုပ်ကုန်းရွာကလေးအနီးသို့ ဆိုက်ရောက်ခဲ့လေတော့၏ ။

''လွတ်ပြီ ကျွတ်ပြီဟေ့''

ဟု ဦးယာခင်က အော်လိုက်သော အခါ မောင်ရာစင်ကလေးကပါ လိုက်၍ ...

''လွတ်ပြီဟေ့။ မီးရထားကြီး စီးရတော့မယ်ကွ''

ဟု လိုက်၍ အော်ဟစ်လေ၏ ။ ပြီးလျှင် သူတို့သားအဖသည်လက်ခုပ်ကုန်းရွာကလေးထဲသို့ အခြေအနေကို အကဲခတ်ရင်း ဝင်သွားကြလေတော့၏ ။

*